


ဓြဂွဒဂု
မောဟာတာရွှေ
L ဃး

Final 10.8.2023

# မောဟတစ္ဆေ

## စိတြအဂ္ဂ

### အခန်း (၁)

### လှိုဂှက်ပေလွှာ

တစ်ခုသောညနေခင်းဝယ်။

မန္တလေး-လားရှိုး ကားလမ်းမကြီးပေါ်ရှိ သီပေါမြို့လေး၏ အနောက်ဘက် ခြံဝင်းကျယ်ကြီး တစ်ခုထဲတွင် အသက်ငါးဆယ်ကျော်ခန့်ရှိ လူဝဝ ခန့်ခန့် ကြီးတစ်ဦးသည် ဆေးတံခဲလျက် လက်ထဲ၌ ပေပုရပိုက်ဟောင်း တစ်ခုကို ကိုင်ကာ ခေါက်တုံ့ခေါက်ပြန် စင်္ကြံလျှောက်လျက် နေလေ၏။

သူသည် ကျွဲကော်ကိုင်းမျက်မှန် ထူထူကြီးတပ်လျက် လက်ထဲမှ ပုရပိုက် ကို ဖတ်လိုက် မျက်မှောင်ကြီးကြုတ်ကာ ဆေးတံကြီး ဖွာလိုက်ဖြင့် နှစ်ထပ် တိုက်အိမ်ကြီး၏ ရှေ့တွင် ခပ်ဖြည်းဖြည်း လမ်းလျှောက်လျက် ရှိလေသည်။

အတန်ကြာသည့်အချိန်တွင် နုနယ်ပျိုမျစ်သော မိန်းမပျိုတစ်ဦးသည် အုန်းခွံရောင်မြင်းကြီးကို စီးနှင်လျက် ခြံအဝမှ ဝင်လာလေ၏။

ပုရပိုက်ကို ဖတ်နေသည့် လူကြီးလည်း လမ်းလျှောက်ခြင်းကို ရပ်တန့်ကာ ခြံထဲသို့ မြင်းစီးဝင်လာသော မိန်းကလေးကို မျက်မှောင်ကြီးကြုတ်လျက် ကြည့်နေလေသည်။

မိန်းမပျိုလေးလည်း မြင်းပေါ်မှ သွက်လက်စွာ ဆင်းလိုက်ပြီး

မြင်း၏တင်ပါးကို လက်ဖြင့် တစ်ချက် ပုတ်လိုက်ရာ လိမ္မာလှသည့် မြင်းညိုကြီးသည် အိမ်ကြီးကိုပတ်ကာ ခြံနောက်ပိုင်းရှိ မြင်းဇောင်းဆီ တစ်လှမ်းချင်း ထွက်ခွာသွားတော့၏။

"ဖေဖေ ခြံထဲမှာပဲ လမ်းလျှောက်နေသလား၊ အပြင်ဘက်ထွက်ပြီး လျှောက်ပါလား"

အသက် (၂၀) ကျော်ကျော်ခန့်သာ ရှိသေးသည့် မိန်းမပျိုလေးက ပြုံးလျက် ပြောရင်း ဖခင်ကြီးအနီးသို့ လှမ်းလျှောက်လာလေသည်။

"ကိုယ့်ရဲ့ခြံကလည်း အကျယ်ကြီးပါပဲ သမီးရယ်၊ ဘာဖြစ်လို့ အပြင်ထွက်လျှောက်နေမလဲ၊ သမီးကိုလည်း ပြောရဦးမယ်၊ ခုလိုညနေဘက်မှာ အညောင်းပြေ အညာပြေ မြင်းစီးထွက်တာ့လည်း ထွက်ပေါ့၊ မြို့နဲ့ဝေးဝေး တော့ မသွားနဲ့နော်၊ ခုရော ... ဘယ်ဘက်ရောက်ခဲ့သလဲ ပြောပါဦး"

"ဟော်နန်းဘက် မြင်းလျှောက်စီးတာပါ ဖေဖေရဲ့၊ ဒါထက် ဟော်နန်းနား ရောက်တော့ ချုံကြီးတစ်ချုံရဲ့အောက်က ဟောဒီစာပလွေ ကောက်ရခဲ့တယ် ဖေဖေ"

ပြောပြောဆိုဆိုဖြင့် မိန်းမပျိုလေးက သူမ၏လက်ထဲ၌ ကိုင်လာသော ကြေးဝါဖြင့် ပြုလုပ်ထားသည့် စာပလွေလေးကို ဖခင်ကြီးအား လှမ်းပေးလိုက်ပြီးလျှင် -

"သမီး မြင်းစီးရင်း လေအတိုးမှာ ဦးထုပ်လွင့်ကျသွားလို့ ဆင်းကောက်တော့ ပန်းချီကြီးရဲ့အောက်က မြေကြီးထဲမှာ အဲဒီစာပလွေလေးက ထိပ်ပိုင်းလေးပဲ ပေါ်နေတာ ဖေဖေရဲ့၊ သမီးလည်း ဘာပါလိမ့် ဆိုပြီး မြေကြီးတွေကို ယက်ဖော်လိုက်တော့ အဲဒီ စာပလွေလေးကို တွေ့ရတော့တာပဲ၊ ဒါနဲ့ ဖေဖေကတော့ ဒါမျိုးကို ဝါသနာပါတယ် ဆိုပြီး သမီးယူလာတာ"

ဟုပြောကာ တိုက်အိမ်ကြီးဘက်ဆီသို့ ပေါ့ပေါ့ပါးပါးဟန်ဖြင့် လျှောက်လှမ်း သွားပါတော့၏။

ယင်းမိန်းကလေး၏ အမည်မှာ ကလျာဖြစ်ပြီး သူမ၏ဖခင်ကြီးမှာ လိမ္မော်ခြံပိုင်ရှင် ဦးမြင့်မိုရ်ဖြစ်ပါ၏။

ဦးမြင့်မိုရ်သည်ကား သီပေါမြို့ဝန်းကျင် တစ်ဝိုက်ရှိ လိမ္မော်ခြံကြီးနှစ်ခြံကို ပိုင်ဆိုင်ပြီး မိတဆိုးသမီးလေးနှင့် နှစ်ဦးတည်း မပူမပင် မကြောင့်မကြ နေရသည့်တိုင် အေးအေးလူလူ မနေနိုင်ဘဲ သူဝါသနာပါရာ ရှေးဟောင်းသုတေသနအလုပ်ဖြင့် အစဉ်အလုပ်ရှုပ်နေသူဖြစ်သည်။

ယနေ့ညနေမှာလည်း ကလျာသည် သူမ၏ဖခင်ကြီး ရှေးဟောင်း ပေပုရပိုက်တို့ကို ရှာဖွေစုဆောင်း ဖတ်ရှုလေ့လာရန် ဝါသနာပါမှန်းသိသဖြင့် မတော်တဆကောက်ရခဲ့သည့် ကြေးစာပလွေလေးကို ဖခင်ကြီး၏လက်သို့ အပ်နှံလိုက်ခြင်း ဖြစ်သည်။

ယင်း ကြေးစာပလွေသည် မူလက ကြေးရောင်ပြောင်လက်နေမည် ဖြစ်သော်လည်း မြေကြီးထဲတွင် နှစ်ပေါင်းမည်မျှ ကြာအောင် နစ်မြုပ်နေခဲ့သည်မသိ ရွှံ့များ ထုတက်လျက် ရေညှိများ ကပ်ငြိကာ မည်းညစ်လျက်ရှိသဖြင့် စာပလွေ၏ ပတ်ပတ်လည်၌ ထွင်းထုထားသော ရှေးလက်ရာ ပန်းကနုတ်တို့ပင် ပျောက်ကွယ်လျက်ရှိတော့၏။

သို့သော် ကလျာက ရွှံ့များ၊ ရေညှိများကို အတန်ငယ် ပွတ်တိုက်ပြီး ယူလာခြင်း ဖြစ်သဖြင့် အချို့နေရာတို့တွင် ကြေးရောင်ဝင်းလျက် ရှိချေသည်။

ဦးမြင့်မိုရ်မှာ သမီးဖြစ်သူပေးလာသည့် စာပလွေကို ကြည့်လိုက်ရုံဖြင့် ရှေးဟောင်း စာပလွေမှန်း သိလိုက်ရရာ လွန်စွာ စိတ်ဝင်စားသွားပြီး ဖွင့်ကြည့်နိုင်ရန် စာပလွေ၏အဖုံးကို လှည့်ချွတ်လိုက်လေ၏။

သို့သော် ... စာပလွေ၏ထိပ်ဖုံးမှာ ကြေးအထပ်ထပ်ကပ်ကာ ကျောက်ဖြစ်နေသလား ထင်ရသဖြင့် လှည့်ချွတ်၍ မရချေ။

နောက်ဆုံး ... ထိုစာပလွေကို ဖွင့်ကြည့်လိုစိတ် လွန်စွာ ထက်သန်နေသည့် ဦးမြင့်မိုရ်သည် ကျောက်ခဲကြီးတစ်လုံးကို ကောက်ယူလိုက်ပြီး စာပလွေ၏အဖုံးကို ထုရိုက်ဖွင့်တော့၏။

ထိုအခါ သံချေးကိုက်သည့်နှယ် ထုတက်နေသည့် ရေညှိနှင့် ရွှံ့ခြောက်တို့သည် ကွာကျသွားပြီး အဖုံးလည်း ပွင့်သွားပါတော့၏။

ဦးမြင့်မိုရ်က စာပလွေကို သူ၏ လက်ဝါးတစ်ဖက်ပေါ်သို့ ခေါက်ချလိုက်ရာ ကြေးပေရွက်လိပ်လေး တစ်လိပ် ထွက်ကျလာတော့သည်။

ဦးမြင့်မိုရ်သည် စိတ်အားထက်သန်စွာဖြင့် စာပလွေထဲမှ ထွက်လာသည့် ကြေးပေလွှာလေးကို ဖြန့်ဖတ်လိုက်ရာ အောက်ဖော်ပြပါအတိုင်း ကြေးပြားလေးပေါ် ရေးထွင်းထားသည်ကို တွေ့ရလေသည်။

ဘုရားလောင်းကအထက်

မျောက်ကားအောက်

ဆဋ္ဌမကျောက် လက်ယားဂူပေါက်

လိုရာရောက်

မှတ်ချက်။ အထက်ပါစာကြောင်းတို့ကို မြန်မာအက္ခရာများဖြင့် ရေးထွင်းထားခြင်း မဟုတ်ဘဲ ပျူ (ကဒံဗ) အက္ခရာတို့ဖြင့် ရေးထွင်းထားခြင်းသာ ဖြစ်ပါသည်။ ယင်း ကဒံဗအက္ခရာတို့မှာ မြန်မာအက္ခရာတို့၏ မူလအစဖြစ်ပြီး အိန္ဒိယနိုင်ငံ၏ ရှေးအကျဆုံး ဗြဟ္မီအက္ခရာများမှ ဆင်းသက်လာခြင်း ဖြစ်သည်။ ဗြဟ္မီအက္ခရာမှ ပျူ၊ မွန်၊ မြန်မာအက္ခရာများ အဆင့်ဆင့်တိုးပွား ဆင်းသက်လာသည်ဟု ပညာရှင်များ ယူဆထားကြပါသည်။ ယင်း

ပြဟ္မီ အက္ခရာများမှာ ခရစ်တော်မပေါ်မီ နှစ်ပေါင်း (၃၀၀) ခန့် ကတည်းက ပေါ်ပေါက်ခဲ့သည်ဟု ယူဆရပါသည်။

စာရှုသူများအတွက် ရှုပ်ထွေးသွားမည်စိုးသဖြင့် ကြေးပြားပါ ကဒံဗ အက္ခရာတို့ဖြင့် မူရင်းအတိုင်း မဖော်ပြတော့ပါ။

ဥပမာအားဖြင့် 'ဘ' အက္ခရာကို ကဒံဗ အက္ခရာဖြင့်ဆိုပါက "TI " ဟူ၍ ရေးသားထားပေ၏။

စာရေးသူ

ဦးမြင့်မိုရ်သည်ကား ကွယ်လွန်ခဲ့ပြီဖြစ်သည့် ဇနီးသည် ဒေါ်နန်းမုံ၏ ဇာတိဖြစ်သော ကမ္ဘောဇတိုင်းဒေသတွင် အခြေမချမီက မန္တလေး တက္ကသိုလ်၊ မြန်မာစာဌာန၌ မြန်မာစာနည်းပြ အဖြစ် တာဝန်ထမ်းဆောင် ဖူးရာ ရှေး ပေပုရပိုက် ကျောက်စာတို့ကို ကောင်းစွာ ဖတ်ရှုနားလည်နိုင်သူ ဖြစ်ပေသည်။

သူသည် အိမ်ထောင်ကျပြီးနောက် သမီးလေး မန္တလေးတက္ကသိုလ် ဒုတိယ နှစ် အရောက်တွင် ကျန်းမာရေးကြောင့် အလုပ်မှ နာမကျန်းပင်စင်ယူပြီး ဇနီးသည်၏ ဇာတိဖြစ်သော ရှမ်းပြည်နယ်သို့ ပြောင်းရွှေ့လာခြင်း ဖြစ်သည်။

သူတို့မိသားစုလေးသည် ဒေါ်နန်းမုံ၏ ဇာတိမြို့ဖြစ်သည့် ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်ဆန်မြို့လေးတွင် ဦးစွာနေထိုင်ခဲ့ကြပြီး လွန်ခဲ့သည့်နှစ်ကမှ ဒေါ်နန်းမုံ ဆုံးပါးသွားသည်တွင် နမ့်ဆန်နှင့် မိုင် (၅၀) ခန့်ဝေးကွာသော သီပေါမြို့သို့ ပြောင်းရွှေ့အခြေချခဲ့ခြင်း ဖြစ်လေသည်။

သီပေါမြို့လေးသည်ကား ရှမ်းကုန်းပြင်မြင့်တွင် တည်ရှိသော်လည်း မြေပြန့်မြို့ကဲ့သို့ ပြန့်ပြူးညီညာသော မြေအပြင်ပေါ်၌ တည်ထားပြီး

ရာသီဥတုမှာ လွန်စွာ အေးချမ်းခြင်း မရှိချေ။

နမ့်ဆန်မြို့တွင် ညအခါ ခိုက်ခိုက်တုန်အောင် ချမ်းအေးလှသဖြင့် မီးဖိုပြီး နေရချိန်၌ သီပေါမြို့တွင် နေထိုင် ကောင်းရုံလောက်သာ အေးလေသည်။

ထို့ကြောင့် အအေးကိုကြောက်သည့် ရင်ကျပ်ပန်းနာ ရောဂါအခံရှိသူ ဦးမြင့်မိုရ်က နမ့်ဆန်မှသည် သီပေါသို့ ပြောင်းပြီး အခြေချနေထိုင်ခဲ့ခြင်း ဖြစ်၏။ သူ တစ်သက်လုံး ဝန်ထမ်းဘဝဖြင့် ခြွေတာ စုဆောင်းထားသည့် ငွေများ၊ ဇနီးဘက်မှရခဲ့သည့် အမွေအနှစ်များ ပေါင်းကာ လိမ္မော်ခြံကြီးနှစ်ခြံ ဝယ်ခဲ့ပြီး ယင်းလိမ္မော်ခြံကြီးတို့နှင့် တစ်ဆက်တစ်စပ်တည်း ရှိသည့် မြို့အနောက်ပိုင်း လမ်းမကြီးဘေးမှ ခြံဝင်းနှင့် နှစ်ထပ်တိုက်ဟောင်းကြီးကိုပါ ဝယ်ယူကာ သားအဖနှစ်ယောက် အေးချမ်းစွာ နေထိုင်လာခဲ့သည်မှာ တစ်နှစ်ခန့်ပင် ရှိပေပြီ။

ဦးမြင့်မိုရ်သည် ကြေးပေလွှာလေးပေါ်၌ ရေးထွင်းထားသည့် ထူးဆန်းသော စာသားတို့ကို ဖတ်ရှု၍ရသော်လည်း ယင်းစာတို့၏ ဆိုလိုရင်းကိုမူ နားမလည်ချေ။

ထို့ကြောင့် သူသည် မျက်မှောင်ကြီးကြုတ်လျက် ကြေးပေလွှာလေးကို အထပ်ထပ် စိတ်ဝင်စားစွာ ဖတ်ရှုနေရာ ဆေးတံကြီးကို ဖွာရန်ပင် မေ့လျော့နေလေသည်။

"ဘာတွေရေးထားပါလိမ့်၊ ဒါဟာ စာလိမ်ပဲဖြစ်မယ်၊ တစ်ခုခုကို ရည်ညွှန်းရေးထွင်းထားတဲ့ လျှို့ဝှက်စာနဲ့တူတယ်"

သူသည်ကား ရှေးဟောင်းပစ္စည်းများ ရှေးစာပေပုရပိုက်များနှင့် ပတ်သက်၍ ဝါသနာထုံသူ ဖြစ်သည့်အပြင် ထူးထူးဆန်းဆန်း ဆိုပါက လေ့လာစူးစမ်းရန် လွန်စွာ ဝါသနာပါသူ ဖြစ်သဖြင့် အဆိုပါ ကြေးပေလွှာလေးကို အထပ်ထပ်ဖတ်ကာ အဓိပ္ပာယ်ဖော်နိုင်ရန် ကြိုးစားလျက်ရှိလေ၏။

သို့သော် အတန်ကြာသည့်တိုင် မည်သို့မျှ အဓိပ္ပာယ်ဖော်၍မရသဖြင့် ဦးခေါင်းကြီးကိုသာ ခပ်ဖြည်းဖြည်း ယမ်းလျက်ရှိတော့သည်။

"ဖေဖေ ခေါင်းတယမ်းယမ်းနဲ့ ဘာဖြစ်နေတာလဲဟင်"

အိမ်ထဲဝင်ကာ အဝတ်အစားလဲပြီး ပြန်ထွက်လာသည့် သမီးဖြစ်သူကလျာ အနီးသို့ ပြန်ရောက်လာသည်ကိုပင် ဦးမြင့်မိုရ် သတိမထားမိချေ။

"အင်း ... သမီးကောက်ရလာတဲ့ ကြေးစာပလွေထဲမှာ ဟောဒီကြေးပေလွှာလေး ပါလာတယ်လေ။ ဒီပေလွှာပေါ်က ရေးထားတဲ့ စာတွေဟာ ဘာကို ဆိုလိုမှန်း အဓိပ္ပာယ် ဖော်မရလို့ သမီးရဲ့"

ဤတွင် ကလျာက ဖခင်ကြီး၏လက်ထဲမှ ကြေးပေလွှာလေးကို လှမ်းယူကာ ကြည့်လိုက်လေသည်။

"ဟင် ... ရှေးအက္ခရာတွေနဲ့ ရေးထားတာပဲ၊ သမီးတော့ မဖတ်တတ်ဘူး၊ ဖေဖေကတော့ ဖတ်တတ်မှာပေါ့၊ ဟုတ်လား"

"ဖတ်တတ်တာပေါ့ သမီးရဲ့၊ ဒါ ရှေးခေတ်ပျူတွေ သုံးခဲ့တဲ့ ကဒံဗ အက္ခရာတွေနဲ့ ရေးထားတာလေ"

"ဟင် ... ဖေဖေက ဖတ်တတ်ပြီး အဓိပ္ပာယ်ဖော်လို့ မရဘူးလား"

"အေးကွဲ့ ... သူ့စာရဲ့ အဓိပ္ပာယ်ဟာ ဘုရားက အထက်၊ မျောက်က အောက်၊ ဆဋ္ဌမကျောက်၊ ဖိုခုံလောက်တဲ့လေ"

"ဟင် ... ဘယ်လို အဓိပ္ပာယ်ကြီးလဲ"

"အဲဒါကြောင့် ... ဖေဖေလည်း ခေါင်းခြောက်သွားရတာပေါ့ သမီးရဲ့"

"ကဲ ... ခေါင်းခြောက်ရင်လည်း မဖတ်နဲ့တော့ ဖေဖေ အပြင်မှာ အေးလာပြီ၊ လာ လာ ... အိမ်ထဲဝင်ရအောင် တော်ကြာ ဖေဖေ ရင်ကျပ်ရောဂါ ပြန်ထလာဦးမယ်"

"အေးပါကွယ် ... အေးပါ"

ကလျာလည်း ဖခင်ကြီး၏လက်ကိုတွဲကာ တိုက်အိမ်ကြီးထဲသို့ ပြန်ဝင်လာခဲ့ရာ ခြံအနောက်ဘက်မှ ပတ်ထွက်လာသည့် ခြံစောင့်ကြီး ဦးစိုင်းပေါနှင့် ဆင်ဝင်အောက်တွင် ဆုံလေသည်။

"ဦးလေးစိုင်း ... ဘရဏီကို ရေတိုက်လိုက်သေးလား"

"အစာထပ်ကျွေးပြီး ရေပါ တိုက်လိုက်ပါတယ် တူမလေး"

ဦးစိုင်းပေါသည်ကား အသက် (၆၀) ကျော်ခန့်ရှိပြီး ကျန်းမာသန်စွမ်းသည့် ရှမ်းအမျိုးသားကြီး ဖြစ်၏။ ရိုးသားဖြောင့်မတ်ပြီး တာဝန်ကျေသည့် ဦးစိုင်းပေါမှာ ဤသီပေါမြို့ ဇာတိဖွား ဖြစ်ကာ လွန်စွာ စကားနည်းသူ ဖြစ်သည်။

သူသည် ဤခြံနှင့်အိမ်ကြီး၏ မူလအိမ်ရှင်တို့ လက်ထက်ကတည်းက ခြံစောင့်ကြီးအဖြစ် နှစ်ပေါင်းများစွာ တာဝန်ယူခဲ့သူဖြစ်ပြီး ကလျာတို့ ဤခြံနှင့် အိမ်ကြီးကို ဝယ်လိုက်ပြီးသည့် နောက်မှာလည်း တစ်ကိုယ်တည်းသမားဖြစ်သော ဦးစိုင်းပေါကိုပင် ခြံစောင့်ကြီးအဖြစ် ဆက်လက် ခန့်ထားခဲ့ခြင်းဖြစ်သည်။

ဦးမြင့်မိုရ်က အိမ်ထဲသို့ မဝင်သေးဘဲ ဆင်ဝင်အောက်၌ ရပ်လိုက်ကာ ဦးစိုင်းပေါကို မေးခွန်း ထုတ်လိုက်လေသည်။

"ကိုစိုင်းပေါ ... ခင်ဗျားက ဒီသီပေါဇာတိဖွား ဆိုတော့ ဒီမြို့ရဲ့ သမိုင်းကြောင်းကို သိမှာပေါ့ ဟုတ်လား"

"ဗျာ ... သမိုင်းကြောင်း ဟုတ်လား၊ ဆရာကြီး ... အင်း ... အင်း... နည်းနည်းပါးပါးတော့ သိပါတယ်ခင်ဗျာ"

"ဒီသီပေါမြို့ကို အရင်က သီပေါစော်ဘွားတွေ အုပ်ချုပ်ခဲ့တာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျ၊ ဟော်နန်းကြီးတောင်ရှိသေးတာပဲ ဆရာကြီးရဲ့"

"အင်း ... ဟုတ်ပါပြီလေ၊ ကျုပ်သိချင်တာက အဲဒီစော်ဘွားတွေ ဘယ်အချိန်ကစပြီး အုပ်ချုပ်ခဲ့တာလဲ ဆိုတာကိုပါပဲ"

ဖခင်ကြီး စကားတန်း ရှည်တော့မည်ကို သိသော ကလျာက မနေသာတော့ဘဲ -

"ကဲပါ ဖေဖေရယ် ... အပြင်မှာ အေးလာပြီ၊ လာပါ ... အိမ်ထဲကျမှ ပြောစရာရှိတာတွေ ဆက်ပြောရအောင်ပါ၊ ဦးလေးစိုင်းလည်းလာ၊ အိမ်ထဲကျမှပြော"

ဟုဆိုကာ ဖခင်ဖြစ်သူ၏ လက်မောင်းကို ဖွဖွညင်သာ ဆုပ်ကိုင်လျက် အိမ်ထဲသို့ ဆွဲခေါ်ခဲ့လေသည်။

ဦးမြင့်မိုရ်လည်း -

"အေးပါ ... အေးပါ၊ ကဲ ... ကိုစိုင်းပေါလည်း လာ"

ဟု ဦးစိုင်းပေါကိုပါ ခေါ်ကာ တိုက်အိမ်ကြီးထဲသို့ ဝင်ရောက်ခဲ့ပါတော့၏။

တိုက်အိမ်ကြီး၏ အောက်ထပ်ရှိ ဧည့်ခန်းကြီးထဲမှ ကြိမ်ဆက်တီ ခုံဟောင်းကြီးများ အပေါ် ထိုင်မိကြလျှင် ဦးမြင့်မိုရ်က စောစောက မေးခွန်းကိုပင် ... ထပ်မေးလေသည်။

"ကဲ ... ပြောစမ်းပါဦး ကိုစိုင်းပေါရယ်၊ ခင်ဗျား သိသမျှ သီပေါမြို့ရဲ့သမိုင်း"

ဦးမြင့်မိုရ်က သူ၏ ဒန်းဟေးလ်ဆေးတံကြီးထဲ ဖော့စတားဆေးမှုန့်များ ဖြည့်ကာ ကြေးမီးခြစ်ကြီးခြစ်ပြီး မီးညှိဖွာရှိုက်ရင်း ဦးစိုင်းပေါ ပြောလာမည့် စကားကို နားစွင့်နေလေသည်။

ဦးစိုင်းပေါက ကြိမ်ဆက်တီခုံတွင် ခပ်ယို့ယို့ထိုင်ရင်း ခပ်ဖြည်းဖြည်း ပြောသည်။

"ဒီလိုဆရာကြီးရဲ့ ... ကျွန်တော့်ရဲ့အဘိုး ပြောပြခဲ့လို့ သိရတာကတော့ လွန်ခဲ့တဲ့ အနှစ်သုံးရာ နီးပါး သက္ကရာဇ် ၁၀ရ၈ ခုနှစ်တုန်းက စော်ဘွားကြီး စောစဆယ်ဖဟာ သီပေါမြောက်မြို့ကို တည်ခဲ့တယ်တဲ့ဗျ၊ မြို့တည်တာမှ မြန်မာဘုရင်တွေရဲ့ နန်းတော်တွေလို ကျုံး၊ ပြ၊ မြို့ရိုး၊ မင်္ဂလာတံတား၊ မင်္ဂလာတံခါး၊ မုခ်ဦး၊ ပြာသာဒ်တွေနဲ့ အကျအန ဆောက်တည်ခဲ့တာတဲ့ဗျ"

"သီပေါမြောက်မြို့ ... ဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး၊ အခု ... ဒီသီပေါမြို့ မတိုင်ခင်က သီပေါမြောက် မြို့နဲ့ သီပေါတောင်မြို့ဆိုပြီး ရှိဖူးခဲ့တယ်ဗျ"

ဦးမြင့်မိုရ်သည် ဦးစိုင်းပေါ၏ စကားကို အတော် စိတ်ဝင်စားသွားသည်။

"ဟ ဒါဆို ... သီပေါမြို့က သုံးမြို့တောင်ပါလား"

"ဟုတ်တယ် ဆရာကြီး၊ စော်ဘွားကြီး စောစဆယ်ဖ တည်ခဲ့တဲ့ သီပေါ မြောက်မြို့ဟာ ဒုတိယကမ္ဘာစစ်ကြောင့် ဗုံးဒဏ်ခံရပြီး ပျက်စီးသွားရတယ် ခင်ဗျ"

"ဩော်"

"အင်း ... အဲဒီလို မပျက်စီးခင် သက္ကရာဇ် ၁၂ရ၀-ပြည့်နှစ်တုန်းက သီပေါ စော်ဘွားကြီး စောကြာခိုင်ဟာ ဒုဋ္ဌဝတီမြစ် အရှေ့ဘက်ကမ်းမှာ သီပေါ တောင်မြို့ကို တည်ခဲ့တယ် ဆရာကြီးရဲ့၊ မြောက်မြို့က သွားရလာရတာ ခက်ခဲလို့တဲ့၊ အခုလက်ရှိ သီပေါမြို့ကတော့ မြောက်နဲ့တောင် မြို့ဟောင်း နှစ်မြို့ရဲ့ ကြားမှာရှိတာတဲ့ ဆရာကြီးရဲ့"

"ဩော် ဒီလိုလား ... ဒါထက် ဘာဖြစ်လို့ သီပေါလို့ အမည်တွင်ရတာလဲဗျ"

"အင်း ... သီပေါလို့ခေါ်ရတာက အကြောင်းအမျိုးမျိုးရှိတယ်တဲ့ ဆရာကြီး ရဲ့၊ ရှေးတုန်းက သီပေါစော်ဘွားဆီကို ပလောင်အမျိုးသား မုဆိုးတစ်ဦးက

သိမ်းငှက်တွေ လာလာဆက်သလေ့ ရှိတယ်တဲ့ဗျ၊ အဲဒီလိုနဲ့ သီပေါစော်ဘွား ဆီမှာ သိမ်းငှက်တွေ အများကြီးရှိလာတယ်တဲ့၊ အဲဒီလို သိမ်းငှက်တွေ ပေါ လာလို့ သိမ်းငှက်ပေါတဲ့အရပ် သိန်းပေါ ... သိန်းပေါလို့ ခေါ်ကြရာက သီပေါဆိုပြီး ဖြစ်လာတယ်လို့ ဆိုတယ်ဗျ ...၊

အဲ တချို့ကလည်း တာပုတ်၊ ကျောင်းစု၊ တုံစင်၊ ဆင်တောက်ဆိုတဲ့ ရှမ်းရွာ ကြီးလေးရွာကို အခြေပြုပြီး မြို့တည်ခဲ့တာဖြစ်လို့ ရွာလေးရွာကို ရှမ်း ဘာသာနဲ့ သီပွဝ်လို့ခေါ်ကြရာက သီပေါဆိုပြီး ဖြစ်လာတယ်လို့လည်း ဆိုကြ တယ် ဆရာကြီးရဲ့"

"အင်း ... ထားပါတော့၊ ကျုပ် အဓိကသိချင်တာက ဒီသီပေါဒေသမှာ ရှေး ခေတ် မြန်မာလူမျိုးရယ်လို့ ပီပီပြင်ပြင် မပေါ်ပေါက်ခင် ကာလတုန်းက ပျူ လူမျိုးတွေ နေခဲ့ဖူးသလား ဆိုတာကိုပဲဗျာ"

ဤတွင် ဦးစိုင်းပေါသည် ခေတ္တတွေဝေသွားပြီး အတန်ကြာမှ ခပ် ဖြည်းဖြည်း ပြောလေသည်။

"အင်း ... ကျွန်တော့်ရဲ့အဘိုးပြောဖူးတဲ့ ဒဏ္ဍာရီလိုလို အဖြစ်ဟောင်း တစ် ခုတော့ ရှိဖူးတယ်ဗျ"

"အင်း ... ဆိုစမ်းပါဦး"

"ကျွန်တော့်ရဲ့အဘိုး ပြောတာကတော့ ဟိုပျူခေတ်တုန်းက တရုတ်ပြည် က တရုတ်မင်းဆီ ဆက်သဖို့ မင်းသမီးတစ်ပါး ခေါ်လာတော့ အဲဒီမင်းသမီး ဟာ တရုတ်ဘုရင်ရဲ့ လက်ထဲ အရောက်မခံချင်တာနဲ့ လွယ်ခေးတောင်ခြေ အရောက်မှာ လူယုံရဲမက် ရံရွေတော် အချို့ကိုခေါ်ပြီး ဒီသီပေါချိုင့်ဝှမ်းဘက် ထွက်ပြေးခဲ့တယ်လို့ ပြောတာပဲ ဆရာကြီးရဲ့"

ဦးစိုင်းပေါ၏ စကားကြောင့် ဦးမြင့်မိုရ်မှာ ပိုမို စိတ်ဝင်စားသွားတော့၏။

သူက ပါးစောင်တွင် ခဲထားသော ဆေးတံကြီးကို ချွတ်လိုက်ကာ ရှေ့ရှိ စားပွဲပုလေးပေါ် တင်လိုက်ပြီးနောက် လက်ဝါးအချင်းချင်း ပွတ်လျက် စိတ်အား ထက်သန်စွာ ပြောလိုက်လေသည်။

"အေးဗျာ ... ဒါဆိုရင်တော့ ကျုပ်ထင်တာ အတော်နီးစပ်နေပြီဗျ၊ ကျုပ်က ဒီဒေသမှာ တစ်ချိန်တုန်းက ပျူလူမျိုးတွေ နေထိုင်ဖူးလိမ့်မယ်လို့ တွက်ထားတာဗျ။ ဒါထက် နေပါဦး ... အဲဒီ ပျူမင်းသမီးက ဒီဒေသမှာပဲ အခြေချ သလား"

"အင်း ... အဘိုးပြောတာကတော့ ပျူဘုရင်ရဲ့ စစ်သည်တွေရော တရုတ်စစ်သည်တွေရော ဝိုင်းရှာကြတာနဲ့ မင်းသမီးတို့အဖွဲ့ဟာ ဒီချိုင့်ဝှမ်း တောတောင် လျှိုမြောင်ထဲမှာ ပုန်းနေရတယ်တဲ့၊ ဒီသီပေါမြို့နေရာဟာ ဟိုး နှစ်ပေါင်းများစွာတုန်းက နက်ရှိုင်းလှတဲ့ တောအုပ်ကြီးတဲ့ ဆရာကြီးရဲ့"

"အင်း ... ဖြစ်နိုင်ပါတယ်"

"အဲဒီပျူမင်းသမီးနဲ့အဖွဲ့ဟာ ဒီချိုင့်ဝှမ်းဒေသက တောနက်ကြီးထဲ ပုန်းခိုနေထိုင်ရင်း ဘုရားစေတီတွေ တည်ခဲ့ကြတယ်တဲ့၊ ဒါကြောင့် ဒီသီပေါမြို့အနီးဝန်းကျင်က တောင်ခြေ တောအုပ်တွေထဲမှာ ပျူစေတီဟောင်းအချို့ကို တွေ့ရတာလို့ အဘိုးက ပြောတယ်၊ ဒုတိယ ကမ္ဘာစစ်ကာလတုန်းက ဗုံးဒဏ်တွေကြောင့် အဲဒီပျူစေတီဟောင်း တွေဟာ အကြွင်းအကျန်တောင် မရှိသလောက် ဖြစ်သွားပါပြီ၊ ဒီ ... ဒီခြံရဲ့ နောက်ဘက်က ခြံကြီးရဲ့အထဲမှာ ပျူစေတီဟောင်းတွေ ရှိတယ် ဆရာကြီး"

"ဟင် ... ဟုတ်လား၊ ဘယ်နားမှာလဲဗျ’’

"ဆရာကြီးတို့ပိုင်တဲ့ ဒီအနောက်က ခြံကြီးရဲ့အထဲမှာ ချုံကြီးတွေရှိတယ်လေ ... ဆရာကြီးရဲ့"

"ဟုတ်တယ်၊ အဲဒီခြံနေရာက လှိုင်ဘက် သိပ်ရောက်နေလို့ လိမ္မော်ပင်တွေ မပျိုးတော့ဘဲ မြေရိုင်းအဖြစ် အရင်တုန်းက ခြံပိုင်ရှင်တွေ ထားခဲ့တဲ့ နေရာပဲ"

"ဟုတ်ပါတယ် ဆရာကြီး၊ အဲဒီခြံကြီးထဲမှာ ချုံကြီးတွေ ရှိတယ်လေ၊ အဲဒီ ချုံကြီးတွေအထဲက အကြီးဆုံး ချုံကြီးရဲ့အောက်မှာ ပျူစေတီဟောင်း တစ်ဆူ ရှိတယ် ဆရာကြီး"

"ဟုတ်လား ... ကျုပ်တော့ အဲဒီခြံကြီးထဲအနှံ့ မရောက်ဖူးသေးပါဘူးဗျာ၊ ခင်ဗျား ကိုယ်တိုင်ရော တွေ့ဖူးပြီးပြီလား"

"တွေ့ဖူးပြီးပြီ ဆရာကြီး၊ ပြီး ... ပြီးတော့"

"ပြီးတော့ ... ဘာဖြစ်လဲဗျ"

"အရင် ဒီအိမ်နဲ့ ခြံကြီးရော နောက်ဘက်က ခြံကြီးပါပိုင်ခဲ့တဲ့ ဦးစိုင်းညွန့်အောင်က ကျွန်တော့်ကို ပြောဖူးတယ် ဆရာကြီး၊ အဲဒီခြံကြီးရဲ့ နောက်ဘက်က လှိုင်ကြီးထဲမှာ ပျူစေတီဟောင်းတွေ ရှိသေးတယ်တဲ့၊ အဲဒီစေတီတွေထဲက စေတီ တစ်ဆူဆူ အောက်မှာ ရတနာသိုက်လည်း ရှိတယ်တဲ့"

"ဗျာ ... ရတနာသိုက် ဟုတ်လား"

"ဟုတ်တယ် ... ဆရာကြီး၊ ပျူမင်းသမီးရဲ့ ရတနာသိုက်လို့ ပြောတာပဲ၊ ဒါပေမဲ့ ... ဘယ်နေရာမှာ သိုက်ရှိတယ် ဆိုတာတော့ ဘယ်သူမှ မသိကြဘူးတဲ့"

ဦးမြင့်မိုရ်က တစ်စုံတစ်ရာကို ခေတ္တမျှ အလေးအနက် စဉ်းစားနေလိုက်၏။

ပြီးမှ တစ်ခွန်းချင်း ပြောလိုက်လေသည်။

"အင်း ... ပျူမင်းသမီးရဲ့ ရတနာသိုက်တဲ့လား၊ ဒါလည်း ဖြစ်နိုင်တာပဲ၊

အဲဒီ ပျူမင်းသမီးမှာ နန်းစဉ်ရတနာတွေ ပါလာမှာပဲ၊ အဲဒီရတနာတွေ ဘယ်သူမှ ရမသွားအောင် လှိုဏ်ဂူမှာမြှုပ်နှံထားရာက သိုက်ဖြစ်သွားမယ်ဆိုရင် ဖြစ်နိုင်တာပဲ"

"ဟုတ်တယ်၊ အခု ဆရာကြီးပြောသလိုပဲ အဘိုးကလည်း ပြောခဲ့တယ်၊ အဲဒီ ပျူ မင်းသမီးနဲ့အတူ တရုတ်ဘုရင်ကို ဆက်သမယ့် ပျူနန်းစဉ် ရတနာထည်တွေ အတော်ပါလာပုံ ရတယ်တဲ့၊ အဲဒီရတနာထည်တွေကို လှိုဏ်ဂူမှာ မြှုပ်နှံခဲ့ရင် အဲဒါ သိုက်ဖြစ်ရောတဲ့ ...၊

ပြီးတော့ ... အဲဒီရတနာသိုက်ကို သေလွန်သွားတဲ့ ပျူမင်းသမီးကပဲ ဥစ္စာစောင့်အဖြစ် ပြန်စောင့်နေတယ်တဲ့၊ ဒါကြောင့် အဲဒီလှိုဏ်ကြီးထဲမှာ ဥစ္စာစောင့်သိုက် ရှိတယ်ဆိုပြီး လွန်ခဲ့တဲ့ ဆယ်နှစ်လောက်တုန်းက နာမည်ကြီးခဲ့သေးတယ် ဗျ"

"ဟေ ... ဟုတ်လား"

"ဟုတ်တယ် ... ဆရာကြီး၊ ဒါတင် ဘယ်ကမလဲ ... အဲဒီ ဥစ္စာစောင့်ကို စောင့်ရှောက်ဖို့ မင်းသမီးလေးနဲ့အတူ ပါလာတဲ့ လူယုံရဲမက်တွေ၊ ရံရွေတော်တွေဟာ သေလွန်ပြီးတဲ့နောက် သိုက်စောင့်တွေ ဖြစ်ကုန်ကြတယ်တဲ့ဗျ"

"ဩော် ... ဒါဆို သူတို့အားလုံးဟာ ဒီဒေသမှာပဲ သေကုန်ခဲ့ကြတယ်ပေါ့"

"ဟုတ်တယ် ... ဆရာကြီး၊ ကုလို့မရတဲ့ တောတွင်း အဖျားတစ်မျိုးကြောင့် မင်းသမီးလေးက အစ အားလုံး သေဆုံးကွယ်လွန်ခဲ့ကြပြီး သူတို့နဲ့အတူ ပါလာတဲ့ ရတနာတွေကို စောင့်ရှောက်ရင်း ဥစ္စာစောင့်တွေ သိုက်စောင့် တစ္ဆေသရဲတွေ ဖြစ်ကုန်ကြတယ်လို့ အဘိုးက ရှင်းပြဖူးတယ်ဗျ၊ ပြီးခဲ့တဲ့ လေးငါးနှစ်တုန်းကတောင် သိုက်ဆရာတွေ အဲဒီလှိုဏ်ဘက် ရောက်လာကြသေးတယ်ဗျ"

"ဟင် ... ဟုတ်လား၊ သူတို့က သိုက်လာဖော်ကြတာပေါ့ ဟုတ်လား"

"ဟုတ်တယ် ဆရာကြီး၊ အဲဒီလှိုဏ်ကြီးထဲမှာ ရှေးဟောင်း ရတနာသိုက်တွေ ရှိတယ်လို့ သတင်းကြားပြီး ရောက်လာကြတာတဲ့၊ ဒါပေမဲ့ ... သိုက်တွေက ကြမ်းလွန်းလို့ ဆရာပြန်ပြေး ဘုရားလေး ဆိုတာလို ရောက်လာသမျှ သိုက်ဆရာတွေ အသက်လု ပြန်ပြေးခဲ့ကြရတာ ချည်းပဲ ဆရာကြီး"

ရှေးဟောင်း ပစ္စည်းများနှင့် ပတ်သက်ပြီး ဝါသနာထုံလွန်းသည့် ဦးမြင့်မိုရ်မှာ အနီဥစ္စာစောင့် ရတနာသိုက်ကို လွန်စွာ စိတ်ဝင်စားသွားတော့၏။

ညအတော်မှောင်လာပြီ ဖြစ်သဖြင့် နံဘေးတွင် ထိုင်ကာ နားထောင်နေသည့် ကလျာသည် ထိုင်ရာမှထလိုက်ပြီး -

"ဖေဖေ ... သမီး ဟင်းတွေ နွှေးလိုက်ဦးမယ်၊ ပြီးရင် ညစာ စားကြရအောင်နော်"

ဟုပြောကာ မီးဖိုခန်းဘက် ထွက်သွားတော့၏။

ကလျာထသွားမှ ဦးစိုင်းပေါက ခပ်တိုးတိုး ဆက်ပြောသည်။

"ဆရာကြီးရဲ့သမီးလေး ကြောက်မှာစိုးလို့ မပြောတာ၊ အဲဒီသိုက်တွေရှိတဲ့ ခြံကြီးဘက်မှာ တစ္ဆေဖြူဖြူကြီး တစ်ကောင်ကို ကျွန်တော် ညဘက်တွေ့တာ သုံးလေးခါလောက်ရှိပြီ ဆရာကြီး"

တစ္ဆေဖြူဖြူကြီး ဟုတ်လား"

"ဟုတ်တယ် ဆရာကြီး၊ တစ်ကိုယ်လုံး အမွေးအမှင် ဖြူဖြူကြီးတွေနဲ့"

ဧည့်ခန်းမကြီးမှနေ၍ မီးဖိုခန်းဘက်သို့သွားသည့် စင်္ကြံကို ချိုးကွေ့ဝင်ရုံရှိသေး ဦးစိုင်းပေါ ပြောလိုက်သည့် စကားကို လွန်စွာနားပါးသော ကလျာက သဲ့သဲ့လေးကြားလိုက်ရာ စင်္ကြံထောင့်ချိုး၌ ရပ်လိုက်ပြီး နားစွင့်နေလိုက်၏။ စင်္ကြံထောင့်ချိုးဖြင့် ကွယ်နေသောကြောင့် သူမကို ဦးစိုင်းပေါ

ရော ဦးမြင့်မိုရ်ပါ မမြင်ချေ။

"ဟုတ်ရဲ့လား ကိုစိုင်းပေါရယ်၊ ခင်ဗျား ညဘက် အရက်မူးပြီး မြင်ချင်ရာ မြင်တာ မဟုတ်လား"

ဦးစိုင်းပေါမှာ ညတိုင်း (Shan Drum) ရှမ်းအိုးစည်အရက် သောက်လေ့ရှိသဖြင့် ဦးမြင့်မိုရ်က သူ့စကားကို မယုံချင်ပေ။

"မူးပြီး မြင်ချင်ရာမြင်တာ မဟုတ်ပါဘူး ဆရာကြီးရယ်၊ ကျွန်တော် အဲဒီ အကောင်ကြီးကို တကယ်မြင်ခဲ့ရတာပါ"

"ကဲ ... ဘယ်လိုမြင်ရသလဲ ပြောပါဦး"

"အဲဒီအကောင်ကြီးဟာ လှိုဏ်ထဲက တက်လာလိုက် ပြန်ဆင်းလိုက်နဲ့ လုပ်နေတာကို ကျွန်တော် သေချာတွေ့ပါလျက်နဲ့ သူ့ရဲ့အနား မကပ်ဝံ့ဘူး ဆရာကြီး၊ ဝါးနှစ်ရိုက်သုံးရိုက် အကွာလောက်ကနေ စောင့်ကြည့်နေတာဗျ၊ ခဏပဲတွေ့ရပြီး ပျောက်ပျောက်သွားတယ်’’

"လူဝံတွေ မျောက်ဝံတွေများလား ဗျ"

"မဟုတ်ဘူး ဆရာကြီး၊ အဲဒီအကောင်ကြီးက လူထက်တောင် ကြီးတယ်၊ တစ်ခါမှာတော့ ကျွန်တော် သူ့ရဲ့မျက်နှာကို လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်ဖူးတယ်ဗျ"

"ဟုတ်လား ... အဲဒီတော့"

"သူ့ရဲ့မျက်နှာကို ဖျတ်ခနဲ မြင်လိုက်ရတယ်ဗျ၊ ဟာ ... တော်တော်ကြောက်စရာ ကောင်းတဲ့ မျက်နှာကြီးပါပဲဗျာ၊ သူ့ရဲ့ကြောက်စရာမျက်နှာ ဖြူဖပ်ဖြူရော်ကြီးကို စက္ကန့်ပိုင်းလေး မြင်လိုက်ရတာနဲ့တင် ကျွန်တော့်မှာ မျက်လုံးထဲက မထွက်တော့ဘူး ဆရာကြီး"

"အင်း ... ခင်ဗျားပြောပုံဆို သိုက်စောင့်တစ္ဆေသရဲ ရှိနေတယ်ဆိုတာကို ယုံ

ရမလို ဖြစ်နေပြီ’’

"တကယ်ရှိတယ် ဆရာကြီး၊ ဆရာကြီးတို့ ဒီရောက်တာ မကြာလှသေးတာကြောင့် အဲဒီအကြောင်း မကြားဖူးသေးတာ။ ကျွန်တော်က ညအိပ်ခါနီးမှာ ခြံကြီးကို တစ်ပတ်ပတ်ကြည့်ရင်း လိမ္မော်ခြံကြီးထဲမှာ ရိပ်ခနဲမြင်လိုက်ရတာ ဆရာကြီး၊ အဲဒီလို မြင်တာ သုံးလေးခါရှိပြီဗျ ... အေ့ အေ့"

"ကဲ ကဲ .. ပြောရင်းနဲ့ လေချဉ်တက်လာပြီ၊ ကိုစိုင်းပေါ၊ သွားတော့ ... သွားတော့၊ ယမကာမှီဝဲဖို့အချိန် ကျလာပြီ မဟုတ်လား ... သွား သွား"

"ဟုတ်ကဲ့ .... အေ့"

ဦးစိုင်းပေါက ထိုင်ရာမှထလိုက်သည်။

"ဒါထက် ကိုစိုင်းပေါ် ခင်ဗျားက သိုက်စောင့်တစ္ဆေကို တွေ့ဖူးတယ်ဆိုတော့ ဥစ္စာစောင့်မလေးတွေရော မတွေ့ဖူးဘူးလား"

ဦးမြင့်မိုရ်က ခပ်ပြုံးပြုံး အမူအရာဖြင့် စနောက်သလို မေးလိုက်ခြင်းဖြစ်သည်။

"ဥစ္စာစောင့်တော့ မတွေ့ဖူးပါဘူး ဆရာကြီးရယ်"

"အင်း ... နောက်တွေ့ရင်သာ ကျုပ်ကို အကြောင်းကြားပါဗျာ"

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ စိတ်ချပါ ဆရာကြီး"

ဦးစိုင်းပေါက တိုက်အိမ်ကြီးထဲမှ ထွက်သွားလေသည်။

ထိုအခါမှ ကလျာက စကြံအတိုင်း မီးဖိုဆောင်ဘက်သို့ လျှောက်လှမ်းသွားပါတော့၏။

သူမ၏ နားထဲတွင်မူ ဦးစိုင်းပေါပြောခဲ့သည့် စကားများက ပဲ့တင်ရိုက်ကြားယောင်လျက် ရှိလေသတည်း။

***